


# ဒုတိယမွေးခြင်း
# နှင့်
# ဒုတိယသေခြင်း။

# The Second Birth And The Second Death

**Written by**

**Roddy Kenneth Street, Jr.**

Roddy Kenneth Street's Christian Tracts Ministries

USA

Translated

by

Ivan Edwards,

Yangon,

Myanmar

# ဒုတိယမွေးခြင်းနှင့်ဒုတိယသေခြင်း

# The Second Birth and The Second Death

**အိုင်ဗင်အက်ဒွက်** မြန်မာဘာသာ ပြန်ဆိုသည်။

**အိန္ဒိယ**နိုင်ငံသည်ရှေးကျသောနိုင်ငံကြီးတစ်နိုင်ငံဖြစ်ပြီး၊ထိုနိုင်ငံတွင်ရှေးကျသောဘာသာတရားများကို၊ကိုးကွယ်လျက်ရှိကြသည်။ ထိုနိုင်ငံသည်လူဦးရေအထူထပ်ဆုံးနိုင်ငံဖြစ်သကဲ့သို့ကိုးကွယ်ယုံကြည်ကြသည့်ဘာသာဝင်များမှာလည်းကိန်းဂဏန်းအမြင့်အမားဆုံးတွင်ရှိနေပါသည်။ ထိုဘာသာတရားများနှင့်ရင်းနှီးကြွမ်းဝင်လာကြသောလူများသည်လည်းထိုဘာသာတရားများဘက်သို့၎င်းတို့၏စိတ်များယိမ်းရိုင်လာခဲ့ကြသောကြောင့်ထိုဘာသာတရားများကိုယုံကြည်လာသည့်လူဦးရေမှာလည်းမြင့်တက်လာရခြင်းဖြစ်သည်။

ထိုဘာသာဝင်များသည် **"ဤကမ္ဘာစကြာဝဠာတွင်ကြီးမားသောလူစုလူဝေးကြီးသည်တသက်လုံးနေထိုင်နိုင်မည့်အလားအလာ၏နောက်ဆုံးတွင်အဆင့်ဆင့်ဖြစ်ပေါ်လာမှုမျိုးကိုကြံ့ကြံ့ခံနိုင်စေသောစီမံခန့်ခွဲမှု."** ဆိုသည့်ဝါဒကိုထိုလူတစ်ယောက်စီတိုင်း၏စိတ်များတွင်သန္ဓေတည်စေခဲ့ကြလေသည်။ ဤရှေးကျသောအိန္ဒိယဘာသာတရားများ၌သွန်သင်ထားရှိခဲ့သည့်အတိုင်းလူတစ်ဦးတစ်ယောက်စီတို့၏အသက်ရှင်နေထိုင်မှု့ဆိုင်ရာစိတ်ကူးများသည်လူအမြောက်အများသေဆုံးပြီးသည့်နောက်ထိုသူတို့မှတဖန်ပြန်လည်အသက်ရှင်ခြင်း(လူသေလူဖြစ်ဝါဒ)နှင့်ပတ်သက်သောအသွင်သဏ္ဍာန်ပြောင်းလည်လာမှုဆိုသည့်အရာများသည်ထိုသူတို့၏ပင်ကိုယ်စိတ်များဆီသို့ရောက်ရှိလာခဲ့လေသည်။

ကျွန်တော်တို့၏ **"စကြာဝဠာကမ္ဘာနှင့်သက်ဆိုင်သောခရစ်ယာန်အသင်းတော်များ၏သန့်ရှင်းသောသမ္မာကျမ်းစာတော်မြတ်"** သည်၊မည်သို့ပင်ဖြစ်စေခါမူ၊ထိတ်လန့်စေသောနှုတ်ကပါတ်တော်အချို့ပါရှိနေသော်လည်း၊ယင်းတို့ကိုအလွန်ကွဲပြားခြားနားသောထင်မြင်ယူဆချက်များဖြင့်ရှင်းလင်းစွာသွန်သင်လျက်ရှိနေပါသည်။ ထို **"ရှေးကျသောသမ္မာကျမ်းစာအုပ်"** သည်အရာတစ်ခုကိုလုံးလုံးလျားလျားအတိအလင်းသွန်သင်လျက်ရှိနေသည်မှာ၊

**"လူသည်တခါတည်းသေ၍ထိုနောက်မှတရားစီရင်တော်မူခြင်းကိုခံရသကဲ့သို့၊......"** (ဟေဗြဲဩဝါဒစာ ၉း၂၇) ဟူသောသွန်သင်ချက်ပင်ဖြစ်ပါသည်။

သို့သော်၊ဓမ္မသစ်ကျမ်းစာတွင်လည်း၊ **"ဒုတိယမွေးခြင်းနှင့်ဒုတိယသေခြင်း"** တို့နှင့်ပတ်သက်၍လည်းအများအပြားသွန်သင်ထားရှိမှု့များရှိနေပါသည်။ ထို့ကြောင့်၊ **ထိုအရာများနှင့်ပတ်သက်၍မည်သို့နည်း? မည်သို့ပင်ဖြစ်စေခါမူ၊သမ္မာကျမ်းစာပါ၊ "ဒုတိယမွေးခြင်းနှင့်ဒုတိယသေခြင်း" ဟူသောအနက်အဓိပ္ပါယ်ကိုမည်သို့ဖွင့်ဆိုထားရှိသနည်း?**

ခရစ်ယာန်သမ္မာကျမ်းစာ၌အသက်ရှိသောလူ၏ကိုယ်ခန္ဓာသည်တစ်ကြိမ်တည်းသေရမည်ဖြစ်ပြီး၊ထိုအခါသေခြင်း၏နောက်ပိုင်းတွင်ဖြစ်ပေါ်လာမည့်အရာမှာ၊ဤလောကတွင်အသက်ရှင်သောအချိန်ကာလအတွင်း၊တစ်စတစ်စတိုးတက်ပြောင်းလဲလာမှု့(အရာခပ်သိမ်းတို့မှာဖန်ဆင်းခြင်းတို့ကြောင့်မဟုတ်ဘဲသဘာဝတရားအားဖြင့်သာဖြစ်ပေါ်လာကြောင်း)ကိုယုံကြည်ကြသူများကို၎င်း၊ထိုအရာကိုသွန်သင်ကြသူများကို၎င်း၊ဘုရားသခင်၏ပြတ်သားသောတရားစီရင်ခြင်းသည်အလျှင်အမြန်ရောက်ရှိလာမည်ဖြစ်ကြောင်းကိုသွန်သင်ထားရှိပါသည်။

အချို့သောလူတို့သည်ဤလောက၌အသက်ရှင်စဉ်ကာလအတော်အတွင်းပြည့်ဝစုံလင်သောအရည်အချင်းများဖြင့်အနန္တတန်ခိုးရှင်ဘုရားသခင်၏စောင့်ရှောက်မှု့အောက်၌အစဉ်အဆက်အမှုတော်များကိုဆောင်ရွက်ကြသောသူများဖြစ်ခဲ့ကြလျှင်၊သန့်ရှင်းတော်မူသောအနန္တတန်ခိုးရှင်ဘုရားသခင်နှင့်သခင်ခရစ်တော်တို့၏ဘုန်းတန်ခိုးအာနုဘော်တို့၏ရှေ့တော်မှောက်တို့တွင်ထိုသူတို့၏အသက်တာများသည်အောင်မြင်မှုသရဖူကိုကာလအစဉ်အဆက်ရရှိခံစားကြ ရပါလိမ့်မည်။

ထိုအချိန်ခဏတာလေးတွင်ပင်ထိုသူတို့သည်ကောင်းကင်နိုင်ငံတော်သို့ဝင်ရောက်ခွင့်ကိုရရှိကြပြီး၊သခင်ခရစ်တော်အားဖြင့်အောင်မြင်ခြင်းအခွင့်ကိုရရှိခါဘုရားသခင်အားစစ်မှန်စွာယုံကြည်ကြသောသူအပေါင်းတို့အတွက်အသစ်တည်ရှိပြီး

ဖြစ်သောဘုရားသခင်၏ဂုဏ်တော်၌အတွေ့အကြုံတစ်ခုကိုရရှိခံစားကြရပါလိမ့်မည်။ ဤအာမခံချက်သည်ကောင်းကင်ဘုံ စံအဘ၊ဘုရားသခင်နှင့်သူ၏ သားတော်သခင်ယေရှုခရစ်ကိုယုံကြည်ကြသောသူအပေါင်းတို့အတွက်သာဖြစ်လေသည်။

ယနေ့တိုင်ဤလောကတွင်အသက်ရှင်နေထိုင်လျက်ရှိနေကြသည့် **"ဒုတိယမွေးခြင်း"** ၌အတွေ့အကြုံရှိနေကြပြီ ဖြစ်သောလူများအတွက်ကောင်းကင်နိုင်ငံတော်ရှိဆုကျေးဇူးတော်များကိုဘုရားသခင်မှပေးသနားလျက်ရှိနေကြောင်းကိုသမ္မာ ကျမ်းစာမှသွန်သင်နေပါသည်။ ယင်းသည်အရှင်သခင်ယေရှုခရစ်တော်နှင့်ရိုးသားစွာဆက်နွယ်မှု၌သစ္စာရှိမှုတို့မှတစ်ဆင့်၊ **"ဒုတိယမွေးခြင်း"** ကိုခံစားခဲ့ကြသောသူများအတွက်ထိုကဲ့သို့သောအကျိုးဖြစ်ထွန်းမှုများကိုချန်လှပ်၍အရန်သင့်ထားရှိ ခြင်းပင်ဖြစ်သည်။ သင်တို့သည်မိမိတို့၏ဒုစရိုက်အပြစ်များကိုသတိပြုမိလာကြသောအချိန်တွင်၎င်း၊သန့်ရှင်းတော်မူပြီး၊ အနန္တတန်ခိုးတော်နှင့်ပြည့်ဝစုံလင်တော်မူသောဘုရားသခင်၏အကြံအစည်တော်ကိုသင်တို့ကိုယ်တိုင်တွေးတော၍မရတော့ သည့်အချိန်တွင်၎င်း၊သင်တို့သည်သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် **"ဒုတိယမွေးခြင်း"** ကိုရရှိခံစားနိုင်ကြမည်ဖြစ်သည်။

ဤလောကတွင်အသက်ရှင်နေကြသည့်မြောက်များစွာသောလူတို့သည်ဘုရားသခင်၏ပညတ်တော်ဆယ်ပါးကိုအ ကြိမ်ကြိမ်ချိုးဖောက်လျက်ရှိနေကြသည့်အပြင်၊ဤမြေပေါ်တွင်နေထိုင်လျက်ရှိနေကြသောအယောက်စီတိုင်းမှာလည်းဘုရား သခင်၏ရှေ့တော်မှောက်(အမြင်)တွင်အစွန်းရောက်အပြစ်သားများဖြစ်နေကြပါသည်။ ထို့အတွက်ကြောင့်သင်တို့သည်၊ မိမိတို့၌ဖြစ်ပေါ်လာသောညစ်ညမ်းမှုများနှင့်အပြစ်ဒုစရိုက်များကိုဖုံးလွှမ်းနိုင်ဖို့ရန်အတွက်အချို့သောနည်းလမ်းများကိုရှာ ဖွေတွေ့ရှိနိုင်ပါသည်။ ထို့သို့ရှာဖွေတွေ့ရှိနိုင်ပါက၊သင်တို့သည်ဘုရားသခင်၏မျက်မှောက်တော်၌စက်ဆုပ်ရွံရှာဖွယ်ရာ ကောင်းသောသူများဖြစ်လာကြလိမ့်မည်မဟုတ်ပါ။

သို့သော်၊နောက်ဆုံး၌သင်တို့သည်ဒုစရိုက်အပြစ်၌တည်သောလမ်းမှနောင်တရရှိဖို့ရန်အတွက်အဆင့်သင့်ဖြစ် သောအခါ၊သင်တို့၌ရှိခဲ့သောညစ်ညမ်းမှုများကိုဖြစ်နိုင်ခြေရှိသောကာကွယ်မှုတို့ဖြင့်ဖုံးကွယ်ပေးပါလိမ့်မည်။ သင်သည် ခွင့်လွှတ်ခြင်းအားလက်ခံရရှိသောအချိန်တွင်သင်၏အသက်ဝိညာဉ်ကိုကယ်တင်မစမည့်ကယ်တင်ရှင်ယေရှုခရစ်အားဖြင့်၊ သင်၏အသက်တာ၌အလွန်အံ့ဩဖွယ်ရာကောင်းသောအပြောင်းလဲခြင်းမျိုးဖြစ်စေတော်မူပါလိမ့်မည်။ ထို့နောက်တွင် ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်သည်၊သင်၏စိတ်နှလုံးနှင့်အာရုံအတွင်းသို့ဝင်ရောက်လာလျက်၊ဘုရားသခင်၏ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ယေရှုခရစ်တော်၌ **"အသစ်မွေးဖွားခြင်း"** မျိုးကဲ့ကို့သော **"ခရစ်တော်၌အသစ်ပြုပြင် သောသတ္တဝါ"** ဟုခေါ်ဆိုသောဖြစ်စဉ်အတွင်းသို့ပြောင်းလဲစေပါလိမ့်မည်။

**"ဒုတိယမွေးခြင်း"**ကိုမရှိမဖြစ်လိုအပ်ကြောင်းပြောဆိုကြသည့်အချိန်တွင်သခင်ယေရှုကိုယ်တော်တိုင်မိန့်တော် မူချက်ကိုသမ္မာကျမ်းစာ၌၊ **"ဒုတိယမွေးခြင်းကိုမခံဘူးသောလူတို့သည်ကောင်းနိုင်ငံတော်သို့ဝင်ရောက်ဖို့ရန်လွယ်ကူကြမည် မဟုတ်သကဲ့သို့အခွင့်ပါယ်လည်းရှိလိမ့်မည်မဟုတ်ကြောင်း"** အနက်ဖွင့်ဆိုထားပါသည်။

မည်သို့ပင်ဖြစ်စေ၊မြောက်များစွာသောလူတို့နှင့်သေချိန်တန်ပြီးဖြစ်သောလူများဖြစ်စေခါမူ၊ယခင်ကာလကတည်းမှ **"ဒုတိယမွေးခြင်း"** ဆိုသို့ရောက်ရှိခဲ့ခြင်းမရှိကြသောကြောင့်၊သခင်ယေရှုခရစ်တော်၏ **"ဒုတိယမွေးခြင်း"** နှင့်သက်ဆိုင် သောအတွေ့အကြုံမျိုးရှိကြလိမ့်မည်မဟုတ်ကြသည့်အတွက် **"ကောင်းကင်နိုင်ငံတော်ကို၎င်း၊ဘုရားသခင်၏နိုင်ငံတော်ကို ၎င်း၊"** ဘယ်သောအခါမျှတွေ့မြင်ကြရလိမ့်မည်မဟုတ်ဘဲ၊သမ္မာကျမ်းစာမှခေါ်ဆိုလျက်ရှိသောကြိုတင်စီမံထားရှိသည့် **"ဒုတိယသေခြင်း"** နှင့်သက်ဆိုင်သောအတွေ့အကြုံမျိုးကိုသာရရှိခံစားကြရပါလိမ့်မည်။

သေချိန်တန်ပြီဖြစ်သောလူတစ်ယောက်သည်ဤလောကတွင်အသက်ရှင်စဉ်ကာလအတောအတွင်းသန့်ရှင်းတော် မူသောဘုရားသခင်နှင့်**သီးခြားနေ**ထိုင်ခဲ့ပြီး၊ဤလောကတွင်ယခင်ကမည်သည့်အပြစ်ဒုစရိုက်မျိုးကိုမျှမကျူးလွန်ခဲ့သောသူတစ်ဦး ဖြစ်ခဲ့သည်ဆိုပါစို့၊ထိုပုဂ္ဂိုလ်၏နံဝိညာဉ်သည်၊ဖြောင့်မတ်ခြင်းနှင့်ပြည့်စုံတော်မူသော၊အရာခပ်သိမ်းကိုဖန်ဆင်းပြုပြင်တော်မူ သော၊သန့်ရှင်းတော်မူသောဘုရားသခင်၏ရှေ့တော်မှောက်တွင်အစဉ်အမြဲ**နှင်ထုတ်ခြင်း**ကိုခံရပါလိမ့်မည်။

ဘုရားသခင်၏ရှေ့တော်မှောက်တွင် **နှင်ထုတ်ခံရသူများ** ဆိုသည်မှာ၊လူသည်သမ္မာကျမ်းစာတွင် "ငရဲ" ဟုခေါ်

သောနေရာတွင်ဝိုင်းပယ်ခံထားရမှုနှင့်ညှဉ်းပန်းနှိပ်စက်ခြင်းတို့အတွက်ကြောင့်၊ထိုနေရာတွင်နောင်တသံဝေဂရရှိခံစားနေကြရသောလူများကိုခေါ်ဆိုပါသည်။ထိုသူတို့၏မိုက်မဲမှုများနှင့်မကောင်းသောအရာတို့ကြောင့်ဘုရားသခင်၏ကမ်းလှမ်းချက်ဖြစ်သောကယ်တင်ခြင်းဆုကျေးဇူးတော်ကိုငြင်းပယ်ဖို့ရန်ဆုံးဖြတ်ခဲ့ကြသည့်မိုက်မဲကြသူများနှင့်ထိုကဲ့သို့သောလူများအားလုံးတို့အတွက်တည်ဆောက်ထားသောနေရာပင်ဖြစ်သည်။

ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်နှင့်သူ၏သားတော်သခင်ယေရှုတို့ကိုကြိမ်ဖန်များစွာငြင်းပယ်ခဲ့ကြသောသူအယောက်စီတိုင်းကိုအစဉ်အမြဲပြစ်တင်ရှုတ်ချခြင်းကိုခံစားနေကြသောဝိညာဉ်များရှိရာနေရာသို့ပို့ဆောင်ခံကြရမည်ဖြစ်သည်။ ထိုသူတို့သည်သခင်ခရစ်တော်ကိုလက်ခံရရှိနိုင်မည့်အခွင့်အရေးများကိုအချိန်တိုင်းလိုလိုငြင်းဆန်ခဲ့ကြပြီး၊ယုတ်မာဆိုးဝါးခြင်း၊အလွန်မာကြောခက်ထန်ခြင်းနှင့်ဆိုးသွမ်းခြင်းတို့ကြောင့်၊ထိုသူတို့သည်အဆုံးတိုင်အောင်မည်သည့်အခါမျှနောင်တရကြမည်မဟုတ်ကြောင်းကိုသိတော်မူသောဘုရားသခင်၏လက်မြှောက်အရှုံးပေးခြင်းကိုခံကြရသောသူများဖြစ်ကြလေသည်။

သမ္မာကျမ်းစာပါ **"ဒုတိယသေခြင်း"** သည်နိဂုံးချုပ်ခြင်းမရှိဘဲ၊ထိုနံဝိညာဉ်၏သက်တမ်းတစ်လျှောက်လုံးနောက်ဆုံးသောကာလတိုင်အောင်ဆက်လက်တည်ရှိနေပါလိမ့်မည်။

ငရဲဆိုသည်မှာ၊ဘုရားသခင်၏အခမဲ့ပေးလျက်ရှိနေသောကယ်တင်ခြင်းဆုကျေးဇူးတော်ကိုအစဉ်အမြဲငြင်းပယ်ကြသောသူများအတွက်၎င်း၊ဤမြေပေါ်တွင်အသက်ရှင်နေထိုင်စဉ်ကာလအတောအတွင်းဒုစရိုက်အပြစ်ဖုံးလွှမ်းလျက်မကောင်းမှုတို့နှင့်ပါဝင်ပတ်သက်ခဲ့ကြသူများအတွက်၎င်း၊သီးခြားထားရှိသောအိမ်ခန်းနှင့်ခပ်ဆင်ဆင်ဖြစ်ပါသည်။ လူတို့၏ဒုစရိုက်အပြစ်များအတွက်ပြင်းထန်စွာညှဉ်းပမ်းနှိပ်စက်ခံရပြီး၊လက်ဝါးကားတိုင်ပေါ်တွင်အသေခံတော်မူခဲ့သောသားတော်သခင်ယေရှုခရစ်၏ယဇ်ပူဇော်ခံခဲ့ရခြင်းမှတစ်ဆင့်ထိုလမ်းမှထွက်ပြေးလွတ်မြောက်လိုကြသောလူအပေါင်းတို့ကိုဘုရားသခင်သည်ကမ်းလှမ်းဖိတ်ခေါ်လျက်ရှိနေပါသည်။

ယေရှုခရစ်တော်သည်လူသားအားလုံးတို့အတွက်သန့်ရှင်းသောယဇ်ကိုပူဇော်ရခြင်းမျိုးဖြစ်လာစေဖို့ရန်အတွက်သာဘုရားသခင်၏အလိုတော်သို့လိုက်တော်မူပြီး၊ကားတိုင်တွင်ညှဉ်းပမ်းနှိပ်ဆက်ခြင်းဝေဒနာကိုခံစားတော်မူခဲ့သည်။ ထို့ကြောင့်၊ယေရှုခရစ်တော်သည်ထိုကဲ့သို့သောညှဉ်းပမ်းနှိပ်စက်ခြင်းဝေဒနာကိုခံစားတော်မူပြီးဖြစ်၍ **"သင်တို့"** သည်အပါယ်ငရဲ၌ကာလအစဉ်အဆက်ခံစားကြရမည့်ဝေဒနာမျိုးကိုအဘယ်သောအခါမျှတွေ့ကြုံခံစားကြရလိမ့်မည်မဟုတ်တော့ပါ။

ယင်းအရာမှာ၊သခင်ယေရှုသည်လွန်ခဲ့သောနှစ်ပေါင်းမြောက်များစွာကပင်၊ယေရုရှလင်မြို့၌ကားတိုင်တွင်ယဇ်ပူဇော်ခံခဲ့ပြီးဖြစ်သောကြောင့်၊ဘုရားသခင်သည်သင်တို့အားသူ၏သန့်ရှင်းသောရှေ့တော်မှောက်သို့ဝင်ရောက်နိုင်ခွင့်ကိုအစဉ်အမြဲပေးတော်မူခဲ့ခြင်းဖြစ်ပါသည်။ သခင်ယေရှုတစ်ပါးတည်းသာလျှင်၊အဘဘုရားသခင်၏အထံတော်သို့ရောက်ရှိနိုင်မည့်လမ်းဖြစ်တော်မူသကဲ့သို့၊ဘုရားသခင်၏ကောင်းကင်နိုင်ငံတော်သို့ဝင်ရောက်ဖို့ရန်ကိုလည်းသခင်ယေရှုတစ်ပါးတည်းသာလျှင်သင်တို့အဖို့ဝင်ရောက်နိုင်သောတံခါးဖြစ်သောကြောင့်၊သင်တို့သည်သူ့အားဖြင့်သာထိုနေရာသို့အစဉ်အမြဲဝင်ရောက်နိုင်ကြပါလိမ့်မည်။

အခြားသောလမ်းအများအပြားရှိနေသော်ငြားလည်း၊ထိုလမ်းများသည်သင်တို့ကိုငရဲသို့သာဦးတည်ခေါ်ဆောင်သွားမည်ဖြစ်ပြီး၊ပြစ်ဒဏ်စီရင်ခံရမည့်ဘေးမှလွတ်မြောက်လိုသောလူတို့အတွက်မူ၊သခင်ယေရှု၏တံခါးဝမှလွဲ၍အခြားသောမည်သည့်တံခါးမှမရှိပါ။ သို့သော်၊သခင်ယေရှုတစ်ပါးတည်းသာလျှင်ဘုရားသခင်၏ကောင်းကင်နိုင်ငံတော်သို့ဝင်နိုင်ဖို့ရန်တံခါးဝဖြစ်တော်မူသောကြောင့်၊သင်တို့သည်သူ့အားဖြင့်သာထိုနေရာသို့အစဉ်အမြဲဝင်ရောက်နိုင်ကြပါလိမ့်မည်။

အဘယ်ကြောင့်ဆိုသော၊ကောင်းသောလူများဖြစ်စေခါမူ၊သန့်ရှင်း၍ဖြောင့်မတ်တော်မူသောဘုရားသခင်၏အကောင်းဆုံးသောအဆင့် အတန်းကိုတိုင်းထွာဖို့ရန်လုံးဝစွမ်းဆောင်နိုင်ကြလိမ့်မည်မဟုတ်ပါ။ သခင်ခရစ်တော်၏ခန္ဓာကိုယ်တွင်ဘုရားသခင်နှင့်စပ်ဆိုင်သောရုပ်လက္ခဏာတော်များပေါ်ပေါက်ခဲ့သည့်အချိန်မှစတင်၍ဘုရားသခင်၏ထိုသားတော်

တစ်ပါးတည်းသာလျှင် အနန္တတန်ခိုးရှင်ဘုရားသခင်၏ ကောင်မွန်သောအဆင့်အတန်းကိုတိုင်းထွာနိုင်စွမ်းရှိခဲ့ပါသည်။

ထို့ကြောင့်ပင်၊ **"အပြစ်ကင်းသောဘုရားသခင်၏ သိုးငယ်တော်မြတ်"** ဟုသခင်ယေရှုအားခေါ်ဆိုခဲ့လေသည်။ **သခင်ယေရှုသည်ခမည်းတော်ဘုရား၏ အလိုတော်သို့လိုက်၍မိမိကိုယ်တိုင်ယဇ်ပူဇော်ခြင်းကိုခံတော်မူခဲ့သောကြောင့်၊ဘုရားသခင်၏စိတ်တော်၌သခင်ယေရှုနှင့်ပတ်သက်၍လက်ခံနိုင်စွမ်းရှိသမျှသောအရာတို့နှင့်အစဉ်အမြဲတွေ့ရှိတော်မူခဲ့သည်။** အဘယ်ကြောင့်ဆိုသော၊လွန်ခဲ့သောနှစ်ပေါင်းမြောက်များစွာကပင်၊ဤမြေပေါ်ရှိအစ္စရေး(ဣသရေလ)နိုင်ငံတွင်သခင်ခရစ်တော်နေထိုင်တော်မူစဉ်အတောအတွင်းမည်သည့်ဒုစရိုက်အပြစ်နှင့်ဆိုင်သောအစက်အပြောက်၊တစ်စက်မှမရှိဘဲ၊လုံးဝအပြစ်ကင်းစင်စွာဖြင့်အသက်ရှင်နေထိုင်တော်မူခဲ့သည်။ ခမည်းတော်ဘုရားသခင်သည်သူ၏ သားတော်ဖြစ်သောသခင်ယေရှုကိုလွန်စွာချစ်မြတ်နိုးတော်မူခဲ့သည်။

ထို့ကြောင့်၊ဤစကြာဝဠာအတွက်ဘုရားသခင်၏ ကယ်တင်ခြင်းဆုကျေးဇူးတော်အစီအမံကိုလက်ခံလျက်ရှိကြသောသူအပေါင်းတို့၏ ယခင်ဒုစရိုက်အပြစ်များအတွက်မိမိကိုယ်မိမိမှမျက်နှာတော်လွှဲထားလိုသောဆန္ဒရှိနေပါသည်။ သင်တို့၏အသက်တာများကိုပြုပြင်စီရင်နေတော်မူသောယေရှုခရစ်အားဖြင့်၊သင်တို့သည်လည်းဤကဲ့သို့ပင်ထိုဒုစရိုက်အပြစ်များကိုမျက်နှာလွှဲထားမှုမျိုးကိုပြုလုပ်ကြဖို့ရန်လိုအပ်ပါသည်။ သားတော်ဘုရားနှင့်ဘုရားသခင်၏စပ်ဆိုင်မှုတို့ကိုအသိအမှတ်ပြုပြီး၊ခမည်းတော်ဘုရားကိုရိုသေကိုးကွယ်ကြသောမည်သူကိုမဆိုဘုရားသခင်အထံတော်မှကောင်းကြီးမင်္ဂလာများကိုအထူးချန်လှပ်ထားရှိပြီးဖြစ်သည်။ ဤအရာသည်ဘုရားသခင်အထံတော်မှရရှိမည့်အထူးဆုကျေးဇူးတော်များပင်ဖြစ်သည်။

လူသားတို့၏ဒုစရိုက်အပြစ်များအတွက်လက်ဝါးကားတိုင်ပေါ်တွင်ဝေဒနာခံစားခဲ့ရခြင်းနှင့်ဘုရားသခင်၏မွန်မြတ်သောသားတော်၏ နာကြင်သောဝေဒနာများကိုခံစားရခြင်းတို့ကိုစစ်မှန်စွာအသိအမှတ်ပြုကြသောသူများသည်သခင်ယေရှုကိုလေးလေးနက်နက်ကျေးဇူးတင်လျက်ရှိကြပါသည်။ ထို့နောက်တွင်သူသည်လူသားအားလုံးတို့၏အရှင်သခင်နှင့်ရှင်ဘုရင်ကဲ့သို့ဖြစ်တော်မူပါလိမ့်မည်။ စစ်မှန်စွာယုံကြည်သူတို့သည်သားတော်၌တည်သောခမည်းတော်ကိုမြင်နိုင်သကဲ့သို့ကောင်းကင်ဘုံ၌ရှိတော်မူသောခမည်းတော်အထံတော်မှသားတော်ဖြစ်ကြောင်းကိုလည်းထိုသူတို့သည်တွေ့ရှိနိုင်ကြပါလိမ့်မည်။

သို့သော်၊သားတော်ယေရှုကိုငြင်းပယ်လိုကြသောသူတို့ကိုကောင်းကင်ဘုံရှင်နှင့်ဤစကြာဝဠာတစ်ခုလုံးကိုအစိုးရရတော်မူသောအနန္တတန်ခိုးတော်အရှင်အဖမည်းတော်ဘုရားသခင်ကိုငြင်းပယ်ရာရောက်ပါသည်။ သားတော်ဘုရားအားငြင်းပယ်သောသူတို့ကိုကောင်းကင်ဘုံ၌ရှိတော်မူသောသန့်ရှင်းသောဝိညာဉ်တော်ကိုငြင်းပယ်ရာရောက်ပါသည်။

ဤလောကတွင်လောလောဆယ်ဆယ်နေထိုင်နေကြသောမယုံကြည်သူများနှင့်ဘုရားသခင်၏ သားတော်ယေရှုသည်သခင်ခရစ်တော်ဖြစ်ကြောင်းကိုနောက်ဆုံးတိုင်အောင်ငြင်းပယ်နေကြသောထိုသူတို့မှာ၊တနေ့တစ်ချိန်တွင်ကြီးမားသောတုန်လှုပ်ချောက်ခြားမှုနှင့်ရင်ဆိုင်ကြရပါလိမ့်မည်။ ထိုသူတို့၏ကိုယ်ခန္ဓာသေဆုံးချိန်တွင်ထိုသူအယောက်စီတိုင်းမှာမိမိတို့ငြင်းဆိုခဲ့ကြသောသားတော်ဘုရားကိုမလွဲမသွေရှာဖွေကြလိမ့်မည်ဆိုသည်ကို၊ကိုယ်တော်ရှင်မှသိရှိတော်မူပြီး၊ **"သင်တို့ကိုငါအလျှင်းမသိ။ အဓမ္မအမှုကိုပြုသောသူတို့၊ငါ့ထံမှဖယ်ကြဟုထိုသူတို့အားအတည့်အလင်းငါပြောမည်။" (ရှင်မဿဲခရစ်ဝင်ကျမ်း ၇:၂၃)** ဟုမိန့်တော်မူပါလိမ့်မည်။

ထိုအခါထိုလူတို့မှာ၊သမ္မာကျမ်းစာတွင်အခိပ္ပါယ်ဖွင့်ဆိုထားရှိသော **"ငရဲ"** ဟုခေါ်သည့် **"နက်မှောင်သောမှောင်မိုက်တွင်း"** အတွင်းသို့ကျရောက်သွားကြပြီး၊ထိုမှောင်မိုက်တွင်း၌ရှိနေကြသောသူများကိုသခင်ယေရှုမှ **"..ငိုကြွေးခြင်း၊အံသွားခဲကြိတ်ခြင်းရှိရာ၊ပြင်အရပ်မှောင်မိုက်ထဲသို့နှင်ချခြင်းကိုခံရကြလတ့် ဟု......." (ရှင်မဿဲခရစ်ဝင်ကျမ်း ၈:၁၂)** ဟုမိန့်တော်မူထားပါသည်။ ထိုနေရာသည်၊ **"ဒုတိယသေခြင်း"** တည်ရာနေရာဖြစ်သော ငရဲ ပင်ဖြစ်ပါသည်။

ထိုသူတို့သည်ငရဲ၌ချည်နှောင်ထားစဉ်အတွင်းထိုနေရာတွင်အစဉ်အမြဲနေထိုင်နေကြသောစာရ်တန်မာရ်နတ်နှင့်သူ၏မြောက်များစွာသောမကောင်းဆိုးဝါးများတို့နှင့်ထိုသူတို့မှာအတူတကွရည်တွက်ဝင်ကြရပြီး၊၎င်းတို့နှင့်အပေါင်းအဖော်ပြုလုပ်ဖို့ရန်တွန်းအားပေးခြင်းကိုခံကြရပါလိမ့်မည်။

**"ကျဆုံးခဲ့ရသောကောင်းကင်တမန်များ။"** ထိုသူတို့သည်၎င်းတို့၏အတွင်းစိတ်၌မကောင်းသောအရာများဆီသို့ပုံသဏ္ဍာန်ပြောင်းလဲလာခဲ့ကြသောကြောင့်၊လွန်ခဲ့သောနှစ်ပေါင်းမြောက်များစွာကပင်ကောင်းကင်နိုင်ငံတော်မှနှင်ထုတ်ပစ်ချခြင်းကိုခံခဲ့ကြရသောထိုကောင်းကင်တမန်ဆိုးများသည် ငရဲ၌နတ်ဆိုးများနှင့်မကောင်းဆိုးဝါးများဖြစ်လာကြရလေသည်။ ခွင့်လွှတ်ခြင်းကိုမရရှိကြသောလူတို့သည်ထိုကဲ့သို့တူညီသောထာဝရပြစ်ဒဏ်၌ခံစားကြရခြင်းနှင့်ပြစ်ဒဏ်စီရင်ခြင်းတို့ကိုအစဉ်အမြဲခံကြရမည်ဖြစ်သည့်အပြင်၊ဘုန်းတန်ခိုးအာနုဘော်တော်နှင့်ပြည့်စုံသောသခင်ယေရှုခရစ်၏ရှေ့တော်မှောက်သို့ဝင်ရောက်နိုင်ခြင်းအခွင့်အရေးမှာလည်းဆုံးရှုံးသွားကြရပြီဖြစ်လေသည်။

အိန္ဒိယနိုင်ငံနှင့်အခြားအလားတူနိုင်ငံများတွင်နေထိုင်ကြသူအားလုံးတို့ယုံကြည်နေကြသည်မှာ၊ "ဤစကြာဝဠာကမ္ဘာတွင်နေထိုင်လျက်ရှိနေကြသောကျွန်တော်တို့၏ပတ်လည်၌ **"လူတို့မြင်နိုင်စွမ်းရှိခြင်းနှင့်မမြင်နိုင်စွမ်းရှိသောအသက်ရှင်နေထိုင်လျက်ရှိနေကြသည့်နံဝိညာဉ်များဝိုင်းရံလျက်ရှိနေကြကြောင်း"** ကိုယုံကြည်နေကြပါသည်။"

သမ္မာကျမ်းစာတွင်၊ဤထင်မြင်ချက်သည်အခြားသောနည်း၌မှန်ကန်ကြောင်းဖော်ဆိုထားပါသည်။ အဘယ်ကြောင့်ဆိုသော၊ကောင်းကင်နိုင်ငံနှင့်ငရဲတို့တွင်သန်းနှင့်ချီသောအသက်ရှင်နေသည့်ဝိညာဉ်များနေထိုင်လျက်ရှိနေကြကြောင်းနှင့်ထိုဝိညာဉ်များသည်ကျွန်တော်တို့၏ကမ္ဘာလောကသို့မကြာခဏလူကဲ့သို့အယောင်ဆောင်ပြီး၊အပြန်အလှန်လာရောက်လေ့ရှိကြကြောင်းကိုဖော်ဆိုထားခြင်းဖြစ်ပါသည်။ ထိုကဲ့သို့ရှိနေသောဝိညာဉ်များဖြစ်ကြသည့် **"ကောင်းကင်တမန်များနှင့်နတ်ဆိုး"** တို့မှာအရည်အတွက်အားဖြင့်အလွန်များပြားလျက်ရှိနေပါသည်။

ထိုဝိညာဉ်များထဲမှအချို့သောဝိညာဉ်များသည်လူတို့အားကောင်းသောအရာများကိုသာပြုလုပ်ဆောင်ရွက်နိုင်ရန်တိုက်တွန်းနှိုးဆော်လေ့ရှိကြသော၊ **"ဘုရားသခင်၏ကိုယ်စားလှယ်များ"** ဖြစ်ကြလေသည်။ ထိုကဲ့သို့သော၊ဝိညာဉ်များမှာ၊ဘုရားသခင်၌ဖြောင့်မတ်သောတမန်များဖြစ်ကြပြီး၊အနန္တတန်ခိုးရှင်ဘုရားသခင်နှင့်အတူကောင်းကင်ဘုံတွင်၎င်း၊သခင်ယေရှုနှင့်သော်၎င်း၊သခင်ယေရှု၏ကယ်တင်ခြင်းအားဖြင့်ကယ်တင်မစခြင်းကိုရရှိခံစားခဲ့ရလူများ၏ဝိညာဉ်များနှင့်သော်၎င်း၊အတူတကွနေထိုင်လျက်ရှိနေကြပါသည်။ ကယ်တင်မစခြင်းကိုလက်ခံရရှိသူများဆိုသည်မှာ၊ဤကမ္ဘာမြေကြီးမှလုံးဝထွက်ခွာသွားကြသောသူများဖြစ်ကြပြီး၊ထိုသူတို့၏နံဝိညာဉ်များသည်၊ယခုကာလမှစ၍ဘုရားသခင်နှင့်သော်၎င်း၊ဘုရားသခင်၌ဖြောင့်မတ်ကြသောတမန်တော်များနှင့်၎င်း၊ရည်တွက်ဝင်ကြပြီးမိတ်ဆွေဖွဲ့ပေါင်းသင်းနေထိုင်လျက်ရှိကြသောသူများသာဖြစ်ကြသည်။

သို့သော်၊သန်းနှင့်ချီသောဝိညာဉ်ဆိုးများမှာမူ၊ဤလောက၌လှုပ်ရှားလျက်ရှိနေကြပြီး၊ယင်းတို့ကိုသမ္မာကျမ်းစာတွင်၊**နတ်ဆိုးများနှင့်မာရ်နတ်များ**ဟုခေါ်ဆိုထားရှိပါသည်။ ထိုဝိညာဉ်ဆိုးများကိုကျွန်တော်တို့၏မျက်စိတွင်မမြင်နိုင်ကြပါ။ သခင်ယေရှုသည်မာရ်နတ်များကိုအကြိမ်ပေါင်းမြောက်များစွာမိန့်တော်မူခြင်း၊နှင်ထုတ်ခြင်းတို့ကိုပြုလုပ်ခဲ့ကြောင်းသန့်ရှင်းသောဧဝံဂေလိကျမ်းတို့တွင်ဖော်ပြထားရှိပါသည်။ ခရစ်ယာန်များသည်လည်း၊ကိုယ်တော်ရှင်၏ထိုနှုတ်ကပါတ်တော်များသည်ကောင်းကင်နှင့်မြေကြီးစွန်းတိုင်အောင်ယုံကြည်စိတ်ချရသောဖြောင့်မတ်ခြင်းတရားများဖြစ်ကြောင်းသိရှိထားကြလေသည်။

ယခင်ဖော်ပြခဲ့ပြီးသောမြေကြီးသို့ပစ်ချခြင်းခံရသောတမန်စိုးများသည်ဤလောကတခွင်တွင်လုပ်ငန်းခွင်ဝင်နေကြပြီးနတ်ဆိုးများ၊မာရ်နတ်များနှင့်စာရ်တန်တို့လုပ်ဆောင်နေကြသောလုပ်ငန်းများအတိုင်း၊လုပ်ဆောင်လျှက်ရှိနေကြသည်။ ထိုသူတို့သည်ဣသရေလတို့၏ **"သုံးပါးပေါင်းတစ်ဆူ"** ဘုရား၏အခွင့်အာဏာတန်ခိုးတော်ကိုအစဉ်အမြဲဆန့်ကျင်လျှက်ရှိနေကြပြီး၊သုံးပါးပေါင်းတစ်ဆူတည်းသောဘုရား၏မျက်နှာတော်ကို၎င်း၊လူပုဂ္ဂိုလ်တို့ကို၎င်းရိုသေလေးမြတ်ခြင်းမရှိကြသကဲ့သို့ခမည်းတော်ဘုရားကို၎င်း၊သားတော်ဘုရားကို၎င်း၊သန့်ရှင်းသောဝိညာဉ်တော်ဘုရားကို၎င်း၊ရိုသေလေးမြတ်ခြင်းမရှိကြပါ။ စာရ်တန်နှင့်သူ၏နတ်ဆိုးများသည်ဘုရားသခင်၏တန်ခိုးတော်ကိုအနိုင့်အထက်သိမ်းယူဖို့ရန်သော်၎င်း၊ဘုရားသခင်၏အခွင့်အာဏာများကိုခိုးယူပြီး၊ဤလောကတွင်နေထိုင်ကြသောလူများကိုလွှမ်းမိုးချုပ်ကိုင်နိုင်ရန်၎င်း၊ဆန္ဒရှိနေကြလေသည်။

ထို့ကြောင့်၊ထိုသူတို့သည်မိမိတို့ကိုယ်မိမိတို့မှာဘုရားများဖြစ်ကြကြောင်း၊မြောက်များစွာသောအမျိုးအမည်များဖြင့်

မှားယွင်းသောဘုရားများကိုတည်ဆောက်နေကြလေသည်။ ထိုသူတို့သည်မြောက်များစွာသောနိုင်ငံများတွင်ထောင်နှင့်သောင်းနှင့်ချီပြီးတည်ရှိနေကြသကဲ့သို့အိန္ဒိယနိုင်ငံတွင်လည်း၊သန်းနှင့်ချီ၍ထိုကဲ့သို့သောမှားယွင်းသည်ဘုရားများကိုတည်ဆောက်ထားကြပြီးဖြစ်လေသည်။

အိန္ဒိယနိုင်ငံနှင့်အလားတူသောနိုင်ငံများရှိလူမျိုးများသည်၊မှားယွင်းသောဘုရားပေါင်းစုံနှင့်ရုပ်တုဆင်းထုတို့ကိုကိုးကွယ်နေကြသောကြောင့်၊စာရ်တန်မာရ်နတ်သည်အလွန်ပျော်ရွှင်ပါသည်။ အဘယ်ကြောင့်ဆိုသော၊ယေရှုခရစ်တော်၏ကယ်တင်ခြင်းဆုကျေးဇူးတော်ကိုအစဉ်အမြဲရှာဖွေနေကြသောလူများနေထိုင်လျက်ရှိနေကြသည့်နိုင်ငံမြောက်များစွာရှိနိုင်ငံသားများကိုထိုရုပ်ထုဆင်းထုများအားဖြင့်စာရ်တန်သည်တားဆီးပိတ်ပင်လျက်ရှိနေပါသည်။

သခင်ယေရှုသည်၊ပထမဦးဆုံးသော၊သားတော်ဘုရားဖြစ်ခဲ့သည်။ သို့သော်၊ဘုရားသခင်သည်သူ့အားလူ့ဇာတိပုံသဏ္ဌာန်ဖေါ်ဆောင်သောအချိန်တွင်မိမိကိုယ်မိမိ **"လူ့ဇာတိကိုခံယူတော်မူခဲ့သောဘုရားသခင်၏သားတော်"** ဟုခေါ်ဝေါ်ခံရသောထိုသားတော်ဘုရားသည်မိမိ၏လူ့ဇာတိကိုဗက်လင်မြို့တွင်နေထိုင်သော **'မာရိ'** ဟုခေါ်သည့်အမျိုးသမီးအားဖြင့်မွေးဖွားတော်မူခဲ့သည်။ ငယ်ရွယ်သောခလေးသူငယ်သဏ္ဌာန်ကိုခံယူခဲ့သောအချိန်မှစတင်၍သမ္မာကျမ်းစာ၌ **"ဘုရားသခင်၏တစ်ပါးတည်းသောသားတော်"** ဟုခေါ်ဆိုထားရှိခဲ့ပါသည်။

အိန္ဒိယနိုင်ငံနှင့်အခြားသောနိုင်ငံအချို့ရှိမှားယွင်းသည့်ဘုရားအပေါင်းနှင့်ရုပ်တုဆင်းတုများကို၊ကိုးကွယ်ပူဇော်နေကြခြင်းတို့ကိုဆန့်ကျင်ခဲ့ကြပြီးယေရှုခရစ်တော်(သားတော်ဘုရား)ကို၊ကိုးကွယ်နေကြသောလူတို့ကြောင့်အခြားသူများမှာဖြောင့်မတ်ခြင်းတရားကိုသိရှိသွားကြမည်ကိုစာရ်တန်မာရ်နတ်မှလုံးဝမလိုလားပါ။ စာရ်တန်မာရ်နတ်၏နတ်ဆိုးများသည်မြောက်များစွာသောမှားယွင်းသည့်ဘုရားများကိုလူသားတို့ရှိခိုးပူဇော်လျက်ရှိနေကြခြင်းကိုဝမ်းမြောက်လျက်ရှိကြပါသည်။ အဘယ်ကြောင့်ဆိုသော၊ဤနည်းအားဖြင့်သာဤလောကရှိလူများကို၎င်းတို့၏တန်ခိုးအရှိန်အဝါအားဖြင့်ချုပ်ကိုင်နိုင်ကြမည်ဖြစ်သည်။ ဤနတ်ဆိုးများသည်အိန္ဒိယနှင့်အလားတူနိုင်ငံများတွင်ရှိကြသောလူများမှ၎င်းတို့အားအထင်ကြီးစွဲလမ်းစေဖို့ရန်မြောက်များစွာသောဖြစ်ပျက်မှုများ၌မျက်လှည့်ဆံဆံအံ့မခန်းဖွယ်ရာဖြစ်ပျက်မှုများကဲ့သို့အသုံးတော်ခံလျက်ရှိနေကြသည်ကိုယနေ့တွေ့ရှိနေကြရပါသည်။ အဘယ်ကြောင့်ဆိုသော၊ဤလှုပ်ရှားမှုအဝဝကိုဘုရားသခင်နှင့်တူစေသည့်တန်ခိုးနှင့်အရေးပါအရာရောက်မှုများပေါ်ထွက်လာခြင်းတို့ဖြင့်လူတို့အားထင်ယောင်ထင်မှားဖြစ်စေလျက်လူတို့အားလိမ်လည်လှည့်ဖြားလျက်ရှိနေကြပါသည်။

ဤဖြစ်ပျက်မှု့များ၌လူတို့သည်ဤစကြာဝဠာကမ္ဘာ၏စစ်မှန်သောတစ်ဆူတည်းသောဘုရားကိုရှာဖွေရမည့်အစား၊သန်းနှင့်ချီသောအမည်အသီးသီးမှည့်ခေါ်ထားရှိသောမှားယွင်းသည့်ဘုရားပေါက်စနလေးများကိုတည်ထားကိုးကွယ်လျက်ရှိနေကြသောအိန္ဒိယနိုင်ငံနှင့်အခြားသောဒေသရှိလူများကိုသဘောပေါက်နားလည်မှု့လွဲမှားစေသောစာရ်တန်၏ရည်ရွယ်ချက်ပင်ဖြစ်သည်။

ထိုဘုရားပေါက်စနလေးများသည်လူတို့ကိုလိမ်ညာလျက်ရှိနေကြပြီး၊စာရ်တန်သည်ဤလသရေလတို့၏ **"သုံးပါးပေါင်းတစ်ဆူ"** တည်းသောဘုရား၏စစ်မှန်မှု့ကိုလူတို့သိရှိသွားမည်ဖြစ်သောကြောင့်၊လူတို့၏မျက်စိအစုံကိုပိတ်နိုင်သည့်ဤစနစ်ကိုပုံစံချပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။ **"ခမည်းတော်ဘုရား၊သားတော်ဘုရားနှင့်သန့်ရှင်းသောဝိညာဉ်တော်ဘုရား"** ဖြစ်တော်မူသော သုံးပါး ပေါင်းတစ်ဆူတည်းသောဘုရားသခင်သည်သန့်ရှင်းသော **"တြိနတိ"** အသွင်သဏ္ဌာန်ကိုဆောင်နေသကဲ့သို့ထိုပုဂ္ဂိုလ်သုံးပါးသည်ဘုရားသခင်တပါးတည်း၌တစ်လုံးတစ်ဝတည်းဖြစ်နေကြပါသည်။ ထိုသူတို့မှလွဲ၍၊ဤစကြာဝဠာကမ္ဘာပေါ်တွင်မည်သည့်အခြားသောဘုရားများမရှိပါ။ ဤစစ်မှန်သောဘုရားသခင်ကိုသခင်ယေရှုခရစ်တော်အားဖြင့်ကျွန်တော်တို့ကိုသိရှိစေတော်မူခဲ့သည်။

မှားယွင်းခြင်းများကိုပြုလုပ်ကြသောသူများအားလုံးတို့သည်မဟုတ်မမှန်ပြောဆိုသူများနှင့်လိမ်ညာသူများသာဖြစ်ကြပြီး၊မြောက်များစွာသောမှားယွင်းသည့်ဘုရားများကဲ့သို့ပင်မည်သိုမှခြားနားခြင်းမရှိပါ။ ထိုသူတို့သည်လူတို့အားထင်ယောင်ထင်မှားဖြစ်စေမှု၌၊သက်မဲ့ရုပ်ထုများအားဖြင့်သော်၎င်း၊နတ်ဆိုးတို့၏တန်ခိုးများအားဖြင့်သော်၎င်း၊ပြုလုပ်နေကြခြင်းသာဖြစ်ကြသည်။ ထို့ကြောင့်၊အသက်ရှင်သောဘုရားသခင်ကိုယုံကြည်ကိုးစားနေကြသောကျွန်တော်တို့မှထိုသူတို့နှင့်ဝေး

သောနေရာတွင်နေထိုင်ကြဖို့ရန်အလွန်အရေးကြီးလှပါသည်။

**အိန္ဒိယနိုင်ငံနှင့်အခြားအလားတူသောနိုင်ငံများရှိမှားယွင်းသောဘုရားများကိုငြင်းပယ်ကြဖို့ရန်အဘယ်ကြောင့်အလွန်အရေးကြီးလျှက်ရှိရသနည်း?**

အဘယ်ကြောင့်ဆိုသော၊ **"အလွန်ရှေးကျပြီးအရေးကြီးလှသည့်ဘုရားသခင်၏ပညတ်တော်ဆယ်ပါး"** ကြောင့်ပင်ဖြစ်သည်။ ဘုရားသခင်သည်ထိုပညတ်တော်တွင် **"သင်၏ဘုရားသခင်ထာဝရဘုရားဖြစ်၏။" (ထွက်မြောက်ရာကျမ်း ၂၀း၂)** ဟုမိန့်တော်မူထားသောကြောင့်ဖြစ်ပါသည်။

အခြားသောအရာများတွင်လည်း၊**မှားယွင်းသောဘုရားများသည်နောက်ထပ်တဖန်**ဖြစ်ထွန်းပေါ်ထွက်လာနိုင်ဖွယ်ရာရှိနေသကဲ့သို့ဖြစ်ပေါ်လျက်လည်းရှိနေပါသည်။ ယင်းတို့မှာ၊–

–အချို့တို့သည်**ကာမဂုဏ်**၌ပျော်မွေ့နေလျက်ရှိနေကြပြီး၊စိုးရိမ်သောကများနှင့်အသက်ရှင်နေကြရသောကြောင့်၊ ထိုအရာသည်ထိုသူတို့အတွက် **မှားယွင်းသောဘုရား** ဖြစ်လာပါသည်။

–အချို့တို့မှာ**မကောင်းမှု**၊**ကာမဂုဏ်**၌ဆက်လက်ကျင်လည်လွန်ကျူးနေကြသောကြောင့်ဤအရာသည်လည်းထိုသူတို့အတွက်ကိုးကွယ်ရာ **မှားယွင်းသောဘုရား** ပင်ဖြစ်လာပြန်ပါသည်။

–အချို့လူတို့မှာ**သိပ္ပံလောကဓာတ်ပညာရပ်**ကိုသာအပတ်တကုတ်ဆည်းပူးလေ့လာလိုက်စားလာကြသည်။ ထို့ကြောင့်ထိုပညာရပ်သည်ထိုသူတို့အဖို့ **မှားယွင်းသောဘုရား** ဖြစ်လာစေပါသည်။

–အချို့လွန်ကျူးကြသောလူများသည်**တစ်စထက်တစ်စတိုးတက်ပြောင်းလဲလာခြင်းကိုင်း၊လူသားစင်စစ်ကိုအမှန်တကယ်ဆည်းကပ်ကိုးကွယ်လာကြခြင်း**တို့ကြောင့်၊ထိုအရာများသည်ဘာသာတရားတစ်ခုကဲ့သို့ဖြစ်လာပြီး **မှားယွင်းသောဘုရား** များဖြစ်လာလေသည်။

–အချို့မှားယွင်းသောလူတို့မှာမူ၊**ငွေကိုအလွန်တပ်မက်ကြသောကြောင့်**၊ ယင်းသည် **မှားယွင်းသောဘုရား** ဖြစ်လာပါသည်။

–အခြားသူများမှာမူ၊**စည်းစိမ်ခံခြင်း၊လွတ်လပ်ပျော်ရွှင်စွာနေထိုင်ခြင်း၊ရွှင်မြူးဖွယ်ရာပွဲလန်းသဘင်များကိုခုံမင်လျက်ရှိနေကြသောကြောင့်**၊ယင်းအရာများသည်ထိုသူတို့အဖို့ **မှားယွင်းသောဘုရား** များဖြစ်လာကြလေသည်။

–သောကမီးများဖိစီးမှု၌ဝိုင်းရံခံလျက်ရှိနေကြရသည့်ကမ္ဘာ့ရုပ်ရှင်လုပ်ငန်းမှ**သရုပ်ဆောင်များနှင့်ဇာတ်ညွှန်းရေးဆရာများ**အားခုံမင်လျက်ရှိနေကြသောလူများသည်လည်းအလားတူ **"မှားယွင်းသောဘုရားများ"** ဖြစ်လာကြလေသည်။

ဟောလီဝုဒ်၊ဩစတြေးလျ၊ဂျပန်၊ဥရောပနှင့်အခြားသောနိုင်ငံများမှအလွန်အကျင့်သိက္ခာမဲ့သောရုပ်ရှင်ဇာတ်ကားများသည်၊ဘုရားသခင်အားဆန့်ကျင်၍၊ခရစ်ယာန်တို့၏ဩဝါဒအမြင်များကိုင်းတို့မှဆန့်ကျင်နေမှုကိုမြှင့်တင်လျက်ရှိနေကြပါသည်။

ယင်းကဲ့သို့သော်ရုပ်ရှင်ဇာတ်ကားများတွင်ဘုရားသခင်၏ပညတ်တော်များကိုမလေးမခန့်ပြုလုပ်ချိုးဖောက်ကြသောသူများကိုဘုရားသခင်၏ပြစ်ဒဏ်မှကင်းလွတ်စေသကဲ့သို့သော်အရာများကို၊မိမိတို့၏စိတ်ကူးများဖြင့်ထင်ထင်ရှားရှားရိုက်ကူးတင်ဆက်ထားသောရုပ်ရှင်ဇာတ်ကားများနှင့်ဆိုးဝါးစွာသရုပ်ဆောင်ထားကြသောသရုပ်ဆောင်များကိုလည်းကျွန်တော်တို့သည်မကြာခဏကြည့်ရှုနေကြရပါသည်။ ထို့အပြင်၊စစ်မှန်စွာဤလောက၌အပြစ်ဒုစရိုက်ကိုပြုလုပ်၍ကျင်လည်နေကြမှုတို့ကိုဘုရားသခင်မှသတိပေးထားချက်နှင့်ပြစ်ဒဏ်ချမှတ်ခြင်းတို့ကိုဘုရားသခင်မပြုလုပ်ခြင်းမရှိသယောင်ယောင်၊ထင်ယောင်ထင်မှားဖြစ်စေမှုတို့ကိုပြုလုပ်ဖန်တီးထားကြလေသည်။

သမ္မာကျမ်းစာတွင်ဘုရားသခင်သည်ပြစ်ဒဏ်မှကင်းလွတ်ခြင်းတို့ကိုပြက်ယယ်ပြုခြင်းမျိုးကိုပြုလုပ်တော်မမူခဲ့ကြောင်းမိန့်တော်မူထားပြီး၊ဒုစရိုက်အပြစ်ကိုကျူးလွန်ကြသောသူများတွက်၊ **"အပြစ်တရား၏အခကား၊သေခြင်းပေတည်း"** ဟူ၍လည်း **"ရောမဩဝါဒစာ ၆း၂၃"** တွင်ဖော်ပြထားရှိသည့်အပြင်၊တရားတော်နှင့်ဖြောင့်မတ်ခြင်းတို့ကိုသိရှိလေးစားကြသူများကိုလည်းကောင်းကင်နိုင်ငံတော်၌ဘုရားသခင်၏အခမဲ့လက်ဆောင်ဖြစ်သောထာဝရအသက်ကိုအရှင်သခင်ယေရှု

ခရစ်တော်အားဖြင့်ပေးသနားလျက်ရှိကြောင်းကိုလည်းသွန်သင်ထားရှိပါသည်။

**သင်တို့၏စိတ်နှလုံးအတွင်းသို့အခြားသောဘုရားများအတွက်နေရာမပေးပါနှင့်။ စစ်မှန်သောသခင်ယေရှုခရစ်တော်ဘုရား၏ရှေ့တော်မှောက်တွင်သင်တို့၌မှားယွင်းသောဘုရားများနှင့်ရုပ်တုဆင်းတုများအတွက်နေရာမရှိစေရပါ။**

**ထို့ကြောင့်၊သင်တို့သည်မိမိတို့ကိုယ်မိမိတို့မှာ "ဒုတိယမွေးခြင်း" တည်းဟူသောအတွေ့အကြုံကိုမည်သို့ရယူကြမည်နည်း?**

ဤနေရာတွင်၊အလွန်ဝမ်းမြောက်စရာကောင်းသောသတင်းစကားရှိနေပါသည်။ သင်တို့သည် **"ဒုတိယမွေးခြင်း"** တည်းဟူသောအတွေ့အကြုံကိုသင်တို့၏လတ်တလောအသက်တာ၏မည်သည့်အချိန်တွင်မဆိုခဏတာအတွင်းရယူနိုင်ကြပါသည်။ ယင်းအား၊သင်တို့၏ဒုစရိုက်အပြစ်များအတွက်နောင်တတရားကိုရွေးချယ်သည့်မည်သည့်အချိန်တွင်မဆိုမိမိတို့၏ဒုစရိုက်အပြစ်များအတွက်ခွင့်လွှတ်ခြင်းကိုကောင်းကင်ဘုံရှင်အဘဘုရားသခင်အထံတော်၌ရှာဖွေကြသောအခါ၊ထိုအတွေ့အကြုံမျိုးကိုရရှိကြပါလိမ့်မည်။ ပထမဦးဆုံး၊ယေရှုခရစ်သည်ဤလောကသို့ရောက်ရှိလာချိန်မှအစပြု၍သူသည်သားတော်ဘုရားဖြစ်ကြောင်းကိုအသိအမှတ်ပြုခြင်းအားဖြင့်ဤအရာကိုပြုလုပ်နိုင်ကြပါသည်။ ထိုနောက်တွင်သခင်ယေရှုထံမှကယ်တင်ခြင်းဆုကျေးဇူးကိုရရှိလိုပါကြောင်းကိုမိမိတို့နှုတ်မှအသံထွက်၍ဝန်ခံကြရပါလိမ့်မည်။

သင်တို့သည်ဘုရားသခင်ထံတော်သို့အသံထွက်၍စကားပြောကြရမည်ဖြစ်ပြီး၊ဤလောကတွင်အသက်ရှင်နေထိုင်စဉ်ကာလအတောအတွင်းဒုစရိုက်နှင့်ပြည့်ဝသောအသက်တာ၌သာနေထိုင်ခဲ့ကြရပြီး၊မြောက်များစွာသောမှားယွင်းခဲ့သည့်အလုပ်များကိုသင်တို့လုပ်ခဲ့ကြသောကြောင့်ထိုအရာများသည်ဘုရားသခင်၏စိတ်တော်နှင့်ရှေ့တော်မှောက်တွင်အလွန်စိုးဝါးသောမကောင်းမှုများဖြစ်ကြောင်းကိုမိမိတို့မှဝန်ခံကြရပါမည်။ ထို့အပြင်သင်တို့မှ၊ခမည်းတော်ဘုရားနှင့်သားတော်ဘုရားတို့ကိုရိုသေလေးစားသမှုပြုမှုခြင်းထက်မှားယွင်းသောဘုရားများကို၊ကိုးကွယ်ခဲ့ကြကြောင်းကိုလည်းဝန်ခံကြရပေမည်။

ထိုစကားလုံးများကိုသင်တို့၏နှုတ်မှအသံထွက်၍ကျယ်လောင်စွာပြောဆိုကြရမည်။ တရားစီရင်တော်မူသောနေ့ရက်ကာလရောက်ရှိမည့်နေ့တွင်အပြစ်ဒုစရိုက်၌ကျင်လည်တတ်သောသင်တို့၏အကျင့်များကြောင့်ပြစ်ဒဏ်စီရင်ခံရခြင်းဘေးမှကယ်တင်မစခံရတော်မူခြင်းတို့အတွက်ကိုလည်းကိုဝန်ခံဆုတောင်းကြရပါမည်။ ထိုအချိန်တွင်ဘုရားသခင်မှ၊သင်တို့ဤလောကတွင်အသက်ရှင်နေထိုင်စဉ်အတောအတွင်းတစ်နေ့နေ့တစ်ချိန်ချိန်တွင်သင်တို့အတွက်တန်ဖိုးတစ်ခုကိုသတ်မှတ်ပေးတော်မူပါလိမ့်မည်။

သင်တို့၏အလုံးစုံသောမယုံကြည်မှုတို့မှကယ်ဆယ်မစမှုကိုလိုအပ်ကြောင်းကိုဝန်ခံကြရမည်ဖြစ်ပြီး၊ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်သည်သင်တို့၏စိတ်အတွင်းသို့ကြွရောက်ဖို့ရန်ကိုလည်းဖိတ်ခေါ်တောင်းဆိုကြရပါလိမ့်မည်။ သို့မှသာဤလောက၏အလင်းရှင်ဖြစ်သောယေရှုခရစ်တော်၏ဖြောင့်မတ်ခြင်းကိုသင်တို့သည်စတင်နားလည်သဘောပေါက်လာကြပါလိမ့်မည်။

ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်သည်သင်တို့၏စိတ်နှလုံးအတွင်းသို့ဝင်ရောက်ကိန်းဝပ်သောအချိန်တွင်သင်တို့သည်ယခင်အသက်တာထက်သာလွန်ကောင်းမွန်သောသန့်ရှင်းသောနှုတ်ကပါတ်တော်သမ္မာကျမ်းစာ၏အနက်အဓိပ္ပါယ်များကိုစတင်နားလည်လာပါလိမ့်မည်။ သန့်ရှင်းသောဝိညာဉ်တော်သည်သင်တို့၌တည်ရှိတော်မူပြီး၊သမ္မာကျမ်းစာတော်မြတ်ကိုစတင်ဖတ်ရှုနိုင်ဖို့ရန်ကွယ်ကာစောင်မတော်မူပါလိမ့်မည်။

ဘုရားသခင်၏သားတော်သခင်ယေရှု၏ပူဇော်ခံရခြင်းမှတစ်ဆင့်ဘုရားသခင်၏ခွင့်လွှတ်ခြင်းကိုလက်ခံရရှိဖို့ရန်သင်တို့မှတောင်းဆိုကြရပါမည်။ သင်တို့၏နှုတ်မှထွက်ပေါ်လာသောဝန်ခံချက်များကိုအသံပြု၍ပြောဆိုကြရမည်။ သင်တို့၏အပြစ်ဒုစရိုက်များကိုဘုရားသခင်၏သားတော်သခင်ယေရှု၏သန့်ရှင်းသောအသွေးတော်ဖြင့်သင်တို့ကိုဆေးကြော်ပေးဖို့အမှန်တကယ်တောင်းဆိုကြရမည်ဖြစ်ပြီး၊ဘုရားသခင်သည်သခင်ခရစ်တော်၏အသွေးတော်ဖြင့်ဖြူစင်သန့်ရှင်းစေမှုတို့ကိုပြုလုပ်တော်မူပါလိမ့်မည်။ ထို့ကြောင့်၊သင်တို့သည် **"အသစ်ပြုပြင်သောသတ္တဝါ"** ဖြစ်လာကြပါလိမ့်မည်။

သင်တို့၌ **"ဒုတိယမွေးခြင်း"** ကိုလိုအပ်ပါသည်။ သို့မှသာ၊နောက်ဆုံးတွင်ဘုရားသခင်၏နိုင်ငံတော်ကိုသင်တို့၏ကိုယ်ပိုင်မျက်စိဖြင့်တွေ့မြင်နိုင်ကြပါလိမ့်မည်။ သခင်ယေရှုသည်သူ၏နောက်တော်သို့လိုက်ကြသူများကိုဖော်ပြခဲ့သည့်ထိုဒုတိယမွေးခြင်းကိုလည်းသင်တို့လိုအပ်ကြသကဲ့သို့၊သခင်ယေရှုမှဖော်ပြထားသောအရာဖြစ်သည့် **"ဒုတိယသေခြင်း"** ၏ကြောက်မက်ဖွယ်ရာအခြေအနေများကိုမြင်တွေ့ရခြင်း၊ထိုနေရာသို့ရောက်ရှိရခြင်းမျိုးမည်သည့်အခါမျှဖြစ်ပေါ်လာမည်မဟုတ်ပါ။

သင်တို့သည်မြောက်များစွာသောအချိန်တို့တွင်ဘုရားသခင်၏ပညတ်တော်ဆယ်ပါးကိုချိုးဖောက်မှုများပြုလုပ်ခဲ့ကြကြောင်းမိမိတို့ကိုယ်မိမိတို့မှအသိဆုံးပင်ဖြစ်ကြပြီး၊မိမိတို့မှဘုရားသခင်၏ပညတ်တော်များကို၊ကိုယ်တိုင်ကိုယ်ကျချိုးဖောက်ခဲ့ကြသူများဖြစ်ကြောင်းကိုလည်းကြယ်လောင်စွာဖွင့်ဟဝန်ခံကြရပါလိမ့်မည်။

**သင်တို့သည်မှားယွင်းသောဘုရားများနှင့်ရုပ်တုဆင်းတုများကိုအချိန်ကာလအားဖြင့်မည်မျှကြာအောင်ရှိခိုးပူဇော်ခဲ့ကြသနည်း?**

ပူဇော်ခဲ့ကြလျှင်၊ယင်းအရာသည်သင်တို့အား**ရုပ်တုဆင်းတုကိုးကွယ်သူများ**အဖြစ်ပြုလုပ်လျှက်ရှိနေပါသည်။

**သင်တို့၏အသက်တာ၌ဘယ်နှစ်ကြိမ်ခန့်မုသာစကားများကိုပြောဆိုခဲ့ကြသနည်း?**

ယင်းအရာကို၊ **"မှားယွင်းသောသက်သေခံချက်များကိုပေးကြသောသူတို့နှင့်လူလိမ်လူညာများ"**သာလျှင်ပြုလုပ်လေ့ရှိနေကြပါသည်။ သင်တို့သည်သူတပါးပစ္စည်းဥစ္စာများကိုမြောက်များစွာသောအချိန်တို့တွင်တပ်မက်သောစိတ်နှင့်ခိုးယူကြသောအချိန်တို့တွင်သင်တို့သည်အလားတူဘုရားသခင်၏ပညတ်တော်များကိုမြောက်များစွာသောအချိန်တို့၌ဆန့်ကျင်ကြပြီးအကြိမ်ကြိမ်ကျူးလွန်ကြခြင်းပင်ဖြစ်သည်။

ထို့ကြောင့်၊သင်တို့သည်အပြစ်သားများဖြစ်ကြပြီး၊ရုပ်တုဆင်းတုကိုကိုးကွယ်ကြသူများဖြစ်ကြကြောင်းကိုမိမိတို့မှဝန်ခံခြင်းအားဖြင့်၊အစပြုကြရမည်ဖြစ်သည်။ သင်တို့၏အသက်တာ၌အလုံးစုံသောဒုစရိုက်အပြစ်များအတွက်သော်၎င်း၊မှားယွင်းသောဘုရားများကိုဝတ်ပြုကိုးကွယ်ခဲ့သောအကျင့်များအတွက်သော်၎င်း၊ဘုရားသခင်၏ခွင့်လွှတ်ခြင်းကိုတောင်းဆိုကြရပါလိမ့်မည်။ သင်တို့၏ယခင်အသက်တာ၌အချိန်တိုင်းလိုလိုတွင်နတ်ဆိုးများအားၣ်င်း၊ကိုးကွယ်ရာလူပုဂ္ဂိုလ်များအားၣ်င်း၊ထွင်းထုထားသောရုပ်ပွားဆင်းတုများကိုၣ်င်းဦးချရှိခိုးခဲ့ကြမှုတို့အတွက်ဝန်ချတောင်းပန်ဆုတောင်းကြရမည်ဖြစ်သည်။ ဤအရာများအတွက် **"ငရဲ"** တွင် **"ဒုတိယသေခြင်း"** ၌သေရခြင်းထက် **"သခင်ယေရှု"** ၏ **"ဒုတိယမွေးခြင်း"** ၌သေရခြင်းကိုမည်ကဲ့သို့ရွေးချယ်ရမည်ဆိုခြင်းကိုစဉ်းစားဖို့ရန်ပင်ဖြစ်သည်။

သန့်ရှင်းသောသမ္မာကျမ်းစာတော်မြတ်တွင် **"ငါ့ကိုမုန်းသောသူအပေါင်းတို့သည်သေခြင်းကိုချစ်ကြ၏။"(သုတ္တံကျမ်း ၈:၃၆)** ဟုဖော်ပြထားရှိပါသည်။ သခင်ယေရှုနှင့်သူ၏နောက်လိုက်များမှာ၊ယနေ့ပင်သင်တို့၏မှန်ကန်စွာရွေးချယ်မှုကိုလိုအပ်လျက်ရှိကြကြောင်းပြောဆိုလျက်ရှိကြသည်။ သေခြင်းထက်အသက်ရှင်သောအသက်တာကိုရွေးချယ်ကြရပါမည်။

ရှိသေလေးစားထိုက်သောဘုရားသခင်၏အစဉ်အမြဲသန့်ရှင်းသောသားတော်ယေရှုခရစ်တော်အတွက်ဆုံးဖြတ်ချက်တစ်ခုကိုချမှတ်ပါ။ သူ၏အစေကိုခံဖို့ရန်ဆုံးဖြတ်ချက်ချ၍သင်တို့၏မိတ်ဆွေအပေါင်းအသင်းများနှင့်အိမ်နီးခြင်းများ၏ရှေ့၌သူ၏နာမတော်ကိုမြှင့်တင်ကြပါ။

သင်တို့သည်ကောင်းကင်နိုင်ငံတော်၌ဘုရားသခင်နှင့်အတူတကွထာဝရတစ်သက်တာပတ်လုံးနေထိုင်ခြင်းကိုရွေးချယ်ခြင်းသည်ကြီးမြတ်ကောင်းမွန်သောပန်းတိုင်သာဖြစ်လိမ့်မည်ဟုကျွန်တော်တို့မှမျှော်လင့်မိကြပါသည်။ စဉ်းစားဖို့ရန်အချက်မှာ၊ **"တစ်လှည့်စီဖြစ်ပေါ်နေသောနံဝိညာဉ်သည်နှစ်လိုဖွယ်ရာကောင်းသောအရာမျိုးမဟုတ်ပါ။"** စိတ်တည်ညိမ်ပြီး၊မိုက်မဲသူမဟုတ်သောသူတို့သည်သတိမေ့လျော့သူများမဟုတ်ကြသကဲ့သို့၊သခင်ယေရှုခရစ်တော်ကိုငြင်းပယ်ကြသောသူများ၊ဘုရားသခင်နှင့်အစဉ်အမြဲသီးခြားစွာနေထိုင်ကြသူများနှင့်ငရဲ၌အစဉ်အမြဲသေကြရမည်ကိုသိရက်နှင့်ရွေးချယ်ခဲ့ကြသူများကို

ဘုရားသခင်သည်စောင့်မျှော်လျက်ရှိနေပါသည်။ သို့သော်၊အထင်မှားခြင်းနှင့်လျှစ်လျူရှုခြင်းတို့အားဖြင့်၊သင်တို့သည်မိမိတို့၏ကြမ္မာကိုမိမိတို့မှအပြီးသတ်ရွေးချယ်ခြင်း(သို့မဟုတ်)လှုပ်ရှားမှုကင်းမဲ့ခြင်းနှင့်မသေချာသောအရာတို့မှထွက်ပေါ်လာသောအကျိုးတရားတို့သည်အလွန်နှောင့်နှေးခြင်းနှင့်မသေချာမရေရာမှုများရှိနေခြင်းတို့ကိုသိရှိလာကြသောအခါတွင်ဘုရားသခင်သာလျှင်ရှိသေလေးမြတ်ထိုက်သောအရှင်ဖြစ်တော်မူကြောင်းကိုသိရှိကြပြီးဘုရားသခင်အထံတော်သို့တိုးဝင်ချဉ်းကပ်နိုင်သည်ဆိုသောထိုအခွင့်အရေးမျိုးကိုအဆုံးအရှုံးမခံလိုက်ပါနှင့်။

ယခုအချိန်တွင်ဝိညာဉ်ရေးရာနှင့်သက်ဆိုင်သောအမြော်အမြင်ရှိကြဖို့ရန်အသစ်သောအာမခံချက်များရှိနေသည့်အတွက်ယခုအချိန်သည်အကောင်းဆုံးသောအချိန်ဖြစ်ခြင်းနှင့်၊လတ်တလောအချိန်ကာလအတွက်ကယ်တင်ခြင်းအားလက်ခံရယူနိုင်သည့်အကောင်းဆုံးသောကာလဖြစ်နေပါသည်။ သင်တို့သည်သခင်ယေရှုခရစ်တော်အားကယ်တင်ရှင်နှင့်အရှင်သခင်အဖြစ်လက်ခံဖို့ရန်အတွက်သင်တို့၌ကယ်တင်ခြင်းဆုကျေးဇူးနှင့်သက်ဆိုင်သောမဟာအခွင့်အရေးတစ်ခုရှိနေကြောင်းကိုသင်တို့သည်ယခင်ကပင်သိရှိထားကြပြီးဖြစ်လေသည်။ ထို့ကြောင့်၊—

**သင်တို့အတွက်အသေခံဖို့ရန်လုံလောက်သောချစ်ခြင်းမေတ္တာဖြင့်ချစ်ခဲ့သောဘုရားသခင်၏အစေကိုထမ်းရွက်ဖို့ရန်ဆန္ဒမရှိကြပါသလား?**

**သင်တို့ကိုငရဲတွင်ပြင်းထန်သောဝေဒနာခံစားကြရမည့်ဘေးမှကင်းလွတ်စေသောတပါးတည်းသောသားတော်ကိုကျေနပ်စွာဖြင့်ယဇ်ပူဇော်စေခဲ့သောအဘဘုရားသခင်ကိုသင်တို့မယုံကြည်နိုင်ကြပါသလား?**

ဘုရားသခင်၏သားတော်သည်ကားတိုင်တွင်အပြင်းအထန်ညှဉ်းပမ်းနှိပ်စက်ခြင်းကိုခံခဲ့သောကြောင့်၊သင်တို့သည်ငရဲ၌အပြင်းအထန်ညှဉ်းပမ်းနှိပ်စက်ခံရမှုတို့သည်သင်တို့၌ဘယ်သော်အခါမျှရှိလိမ့်မည်မဟုတ်ပါ။ သင်တို့သည်ယင်းကိုသိရှိကြသကဲ့သို့သန့်ရှင်းတော်မူသောဘုရားသခင်၏သားတော်ကိုရိုသေလေးစားပြီးချီးမွမ်းပဌနာပြုကြရမည့်အစား၊အလွန်ကျေးဇူးမသိတတ်ကြဘဲ၊**“သင်ပေးသနားထားတော်မူသောဆုကျေးဇူးများသည်ကျွန်တော်အဖို့အသုံးမဝင်ပါ။ သင်၏ကယ်တင်ခြင်းဆုကျေးဇူးများသည်လည်းအသုံးဝင်လိမ့်မည်မဟုတ်ပါ။ သင်၏ကယ်တင်ခြင်းအစီအမံများကိုလည်းကျွန်တော်စိတ်မဝင်စားပါ”** ဟုကျေးဇူးမတင်ဘဲအနန္တတန်ခိုးရှင်ဘုရားသခင်အားသင်တို့မှပြောဆိုကောင်းပြောဆိုကြပါလိမ့်မည်။

သင်တို့၏စိတ်နှလုံးပလ္လင်ပေါ်တွင်ထိုင်နေတော်မူပြီးဤစကြဝဠာကိုဖန်ဆင်းတော်မူသောသုံးပါးပေါင်းတစ်ဆူဘုရား၌တစ်ဆူဖြစ်တော်မူသောသခင်ယေရှုခရစ်တော်၏စီမံခန့်ခွဲခြင်းအားဖြင့်သင်တို့သည်ဘုရားသခင်နှင့်အတူထာဝရအသက်ကိုရယူနိုင်ကြပါသည်။ သူသည်ပထမဦးဆုံးသောသားတော်ဘုရားဖြစ်တော်မူသောကြောင့်၊ဤထိုက်တန်သောအခြေအနေနှင့်ဂရုပြုခြင်းအရာများသည်သူ၌ရှိတော်မူပါသည်။ သူသည်လူ့ဇာတိ၌မွေးဖွားသည့်အချိန်မှစ၍သင်တို့၏အကျိုးအလို့ငှါ၊အပြစ်တစ်စုံတစ်ရာမရှိဘဲလက်ဝါးကားတိုင်ပေါ်တွင်မိမိကိုယ်မိမိအသေခံတော်မူခဲ့သည့်အထိဖြောင့်မတ်တည်ကြည်စွာဖြင့်အစဉ်အမြဲနေထိုင်တော်မူခဲ့ပါသည်။

သူသည်ပထမဦးဆုံးသောသားတော်ဖြစ်တော်မူသော်လည်း၊လူ့ဇာတိအားဖြင့်မွေးဖွားမှု၌လွန်စွာမှအပြစ်ကင်းစင်ပြီးဖြောင့်မတ်စွာဖြင့်အစဉ်အမြဲနေထိုင်တော်မူခဲ့လေသည်။ သူသည်သင်တို့၌တည်ရှိနေသောအလုံးစုံသောဒုစရိုက်အပြစ်များကိုသယ်ဆောင်တော်မူပြီး၊သင်တို့၏အကျိုးအလို့ငှါ၊သင့်အတွက်သော်၎င်း၊ကျွန်တော်အတွက်သော်၎င်း၊ဤလောကတွင်နေထိုင်ကြသောလူသားများအားလုံးတို့အတွက်သော်၎င်း၊လက်ဝါးကားတိုင်တွင်မိမိကိုယ်မိမိပူဇော်ခါအသေခံတော်မူခဲ့ပါသည်။

ထို့ကြောင့်၊အပြစ်ဒုစရိုက်အကြွေး၌တင်ရှိနေပြီးပြစ်ဒဏ်ခံရန်ရှိနေကြသောသူများသည်၎င်း၊ကယ်တင်ခြင်းဆုကျေးဇူးကိုရရှိဖို့ရန်ဆန္ဒရှိနေကြသောသူများသည်၎င်း၊ထိုအပြစ်အကြွေးတင်နေခြင်းမှကယ်ဆယ်မစမှုကိုရရှိကြပါလိမ့်မည်။ သင်တို့သည်လည်း၊ဤကဲ့သို့ပြုလုပ်ခဲ့ကြလျှင်၊ဤလောကတခွင်လုံးရှိအရာခပ်သိမ်းကိုအုပ်စိုးတော်မူသောဘုရားသခင်ဖြစ်ကြောင်းကိုသင်၏အသက်တာတစ်ခုလုံးတွင်သိရှိစေတော်မူလိမ့်မည်ဖြစ်သောကြောင့်၊ဤစကြဝဠာအတွက်ဘုရားသခင်၏သင်းဖွဲ့သောအကြံအစည်တော်ကိုလည်းသင်တို့မှလက်ခံရရှိကြသကဲ့သို့အသစ်သောရောင့်ရဲတင်းတိမ်သည့်အကျိုးကိုလည်းရရှိကြပါလိမ့်မည်။

ဤအရာအလုံးစုံတို့ကိုရိုးစင်စွာဖြင့်ခံယူလျှက်မိမိစိတ်၌ဖြစ်ပေါ်သော်သေးငယ်သည့်ကိုယ်ပိုင်စကားစုများဖြင့်သင်တို့သည်ဆုတောင်းပဌနာတစ်ခုကိုပြုလုပ်ကြရပါလိမ့်မည်။ ထိုဆုတောင်းချက်သည်သင်တို့၏လွတ်ခြင်းအခွင့်အတွက်နှင့်သင်တို့၏နှလုံးသားအတွင်း၌ဖြစ်ပေါ်လာသောဘုရားသခင်၏ဦးဆောင်မှုတို့အတွက်ပင်ဖြစ်သည်။ ထိုဆုတောင်းပဌနာပြုခြင်း၌အောက်ပါအချက်များကိုထည့်သွင်းဖော်ပြကြရပါမည်။

(၁) သင်တို့၏ယခင်အသက်တာ၌ရှိခဲ့သည့်အလုံးစုံသောဒုစရိုက်အပြစ်များကိုကျော်လွှားပြီးနောင်တသံဝေဂရခြင်းနှင့်ယခင်အသက်တာ၌အလုံးစုံသောမှားယွင်းမှုများနှင့်မကောင်းသောအရာတို့မှကျော်ခိုင်းဖို့ရန်သင်တို့၏စိတ်ဆန္ဒသည်ငှင်း၊
(၂) ဘုရားသခင်၏တပါးတည်းသောသားတော်သခင်ယေရှု၏ယဇ်ပူဇော်ခံရခြင်းတို့အားဖြင့်ဘုရားသခင်၏ခွင့်လွှတ်ခြင်းနှင့်သနားစုံမက်ခြင်းတို့အတွက်သင်တို့၏စိတ်ဆန္ဒသည်ငှင်း၊
(၃) သင်တို့၏အသက်တာ၌ဘုရားသခင်၏ဦးဆောင်လမ်းပြစေလိုသောသင်တို့၏စိတ်ဆန္ဒသည်ငှင်း၊
(၄) သမ္မာကျမ်းစာဖတ်ရှုလေ့လာခြင်းတို့အားဖြင့်ဘုရားသခင်၏ဖြောင့်မတ်ခြင်းတရားကိုပိုမို၍လေ့လာလိုက်စားလိုသောသင်တို့၏စိတ်ဆန္ဒသည်ငှင်း၊
(၅) စစ်မှန်သောယုံကြည်သူများနှင့်မိတ်သဟာရဖွဲ့နိုင်ဖို့ရန်ရှာဖွေလိုသောသင်တို့၏စိတ်ဆန္ဒသည်ငှင်း၊စသည်ဖြင့်အချို့အရေးကြီးသည့်အခြေခံအပိုင်းများမှာပါဝင်လျက်ရှိနေရပါမည်။

သင်တို့သည်ကယ်တင်မစခြင်းအခွင့်ကိုရရှိကြသောအချိန်တွင်သခင်ယေရှုသည်ဤစကြာဝဠာ၏ရှင်ဘုရင်ဖြစ်ကြောင်းနှင့်သင်တို့အသက်တာ၏အရှင်သခင်ဖြစ်ကြောင်းကိုငှင်း၊အနန္တတန်ခိုးတော်ရှင်၏မျက်နှာတော် **သုံး** မျိုးဖြစ်တော်မူသော **"ခမည်းတော်ဘုရား၊သားတော်ဘုရားနှင့်ဝိညာဉ်တော်ဘုရား"** တို့ကိုငှင်းသင်တို့သိရှိလာကြပါလိမ့်မည်။ ဘုရားသခင်၏သန့်ရှင်းသောအလင်းတော်ကိုသင်တို့၏လှုပ်ရှားမှုအဝဝတို့နှင့်သင်တို့၏မျက်နှာတွင်တွေ့မြင်ကြရပါလိမ့်မည်။

**"တနည်းကား၊ကောင်းကင်နိုင်ငံတော်သည်ပင်လယ်၌ချ၍အမျိုးမျိုးသောငါးတို့ကိုအုပ်မိသောပိုက်ကွန်နှင့်တူ၏။ ငါးနှင့်အပြည့်ရှိသောအခါတံငါတို့သည်ကုန်းပေါ်သို့ဆွဲတင်၍ထိုင်လျက်၊ကောင်းသောငါးကိုခြင်းထဲသို့ရွေးချယ်ထည့်ထား၍၊မကောင်းသောငါးကိုပြင်သို့ပစ်လိုက်ကြ၏။ ထိုနည်းတူကမ္ဘာအဆုံး၌ကောင်းကင်တမန်တို့သည်ဆင်းလာပြီးလျှင်၊ဖြောင့်မတ်သောသူတို့အထဲမှဆိုးသောသူတို့ကိုနှုတ်ယူခွဲထား၍၊ငိုကြွေးခြင်း၊အံသွားခဲကြိတ်ခြင်းရှိရာမီးဖိုမှ၌ချကြလတံ့။" (ရှင်မဿဲခရစ်ဝင်ကျမ်း ၁၃း၄၇-၄၉)**

တဖန်သခင်ယေရှုသည်ဘုရားသခင်နှင့်စပ်ဆိုင်သောလူတို့ကိုအပင်မျိုးစေ့ကဲ့သို့လို့ဂုဏ်စွာကြီးထွားလာခြင်းနှင့်နှိုင်းယှဉ်၍မိန့်တော်မူခဲ့သည်မှာ၊

**"ထိုမှတပါး၊လူသည်လယ်၌မျိုးစေ့ကြဲပြီးမှနောက်တဖန်မိမိမကြည့်မမှတ်၊ညဉ့်၊နေ့၊အိပ်လျက်၊နိုးလျက်နေသော်လည်းအပင်ပေါက်၍ကြီးပွားသည်နှင့်ဘုရားသခင်၏နိုင်ငံတော်တူ၏။ မြေကြီးသည်မိမိအလိုအလျောက်အသီးကိုသီးစေ၍ ရှေ့ဦးစွာအညှောက်၊ထို့နောက်အနှံ၊ထိုနောက်အနှံထဲမှအောင်မာသောအဆန်ကိုဖြစ်စေတတ်၏။ အသီးမှည့်၍ရိတ်ချိန်ရောက်သောအခါ၊လယ်ရှင်သည်မဆိုင်းမလင့်၊တံစဉ်နှင့်ရိတ်စေတတ်သည်ဟုမိန့်တော်မူ၏။" (ရှင်မာကုခရစ်ဝင်ကျမ်း ၄း၂၆-၂၉)**

ကျွန်တော်တို့အားလုံးတို့သည်ဤအရေးကြီးသည့်အရာများကိုသတိရကြရမည်မှာ-

**(၁) ကျွန်တော်တို့ဆုတောင်းသည့်အခါဘုရားသခင်နှင့်စကားပြောခြင်းဖြစ်သည်။**
**(၂) ဘုရားသခင်သည်သူ၏နှုတ်ကပါတ်တော်သမ္မာကျမ်းစာတော်မြတ်အားဖြင့်ကျွန်တော်တို့ကိုပြန်လည်စကားပြောတော်မူလျက်ရှိခြင်းတို့ဖြစ်ပါသည်။**

ထို့ကြောင့်ကျွန်တော်တို့သည်ဘုရားသခင်၏စာအုပ်ဖြစ်သောနှုတ်ကပါတ်တော်ကိုဖြစ်နိုင်လျှင်မကြာခဏဖတ်ရှု

ကြရပါလိမ့်မည်။ ကျွန်တော်တို့နေထိုင်လျက်ရှိကြသော၊အလွန်ရှုပ်ထွေးစေပြီး၊အခက်အခဲများနှင့်ပြည့်လျက်ရှိသောဤစကြ ဝဠာကမ္ဘာကြီးအားနားလည်စေဖို့ရန်သင်တို့၏ အလုံးစုံသောရည်ကြာသည့်ကြိုးပမ်းအားထုတ်မှုတို့အပေါ်တွင်ဘုရားသခင်မှ သူ၏ ကောင်းကြီးမင်္ဂလာများကိုပေးသနားရန်လိုအပ်လျက်ရှိနေပါသည်။ ထို့ကြောင့်၊ကျွန်တော်တို့၏ မှားယွင်းသောသက် ဝင်ယုံကြည်မှုတို့မှလွတ်မြောက်ခြင်းတို့အဖို့ဘုရားသခင်၏ ခွင့်လွှတ်ခြင်းကိုသင်တို့၏ ရှာဖွေမှုအားဖြင့်ဘုရားသခင်၏ ဆုလာဘ် တော်များကိုရယူကြပါစို့။

"ဘုရားသခင်သည်သူ၏ ရေရှည်အကြံအစည်တော်များကို ရှေ့ဆက်နိုင်ဖို့ရန်နှင့်
ဤလောက၏ အသွင်သဏ္ဍာန်ကိုပြောင်းလဲစေဖို့
ရန်တို့အတွက်ဤလောကကိုအစဉ်မပြတ်ရိုတ်သိမ်းလျက်ရှိတော်မူပါသည်။"


ဆက်သွယ်ရန်၊

**Roddy Kenneth Street, Jr.**
**Roddy Kenneth Street's Christian Tracts Ministries.**
**USA**
<etracts@yahoo.com><eztraveller@netscape.net><earthtrek1@hotmail.com>
www. worldwideChristianTracts.net, www. OnlineChristianTracts.org

(သို့မဟုတ်)

**Ivan Edwards**
အမှတ်(၇၀) စကားဝါလမ်း၊ (က) ရပ်ကွက်၊
သဃ်န်းကျွန်းမြို့နယ်၊
ရန်ကုန်မြို့။
ဖုံး၊ ၀၉၅၁-၆၆၃၃၇
E-Mail: ivan@mail4u.com.mm